**ဖျတ်ခနဲအာနန္ဒာ**




ဇန်နဝါရီလလယ်ရက် တစ်ရက်တွင် ကျွန် တော်ပုဂံ အာနန္ဒာ ဘုရားသို့ ရောက်ဖြစ်သည်။ အာနန္ဒာဘုရား ပွဲချိန်ခါရောက်ပြီမို့ ဘုရား အနောက်ဘက်မုခ်တွင် ဈေးတန်းကြီးက တစ်မျှော်တစ် ခေါ်။ ဆိုင်ကယ်ကို အပ်ပြီးပွဲ ဈေးတန်းထဲ ဝင်ရောက်ခဲ့သည်။ ကျွန်တော်လာသည့်နေ့က ကြာ သပတေးနေ့ ကြားရက်မို့ ပွဲတော် မှာ လူမစည်သေး။ နောက်သုံး လေးရက်လောက်နေလျှင်တော့ ကြိတ်ကြိတ်တိုးတော့မည်။ ပုဂံ ညောင်ဦး၏ အထင်ကရဘုရား ပွဲတော် အာနန္ဒာ စည်ကားပေတော့မည်။

အညာဘုရားပွဲတွေကို ကျွန် တော်ချစ်ပါသည်။ အထူးသဖြင့် ဘုရားပွဲကို လာရောက်လည်ပတ် ကြသည့် ကျေးလက်နေတောသူ တောင်သားများ၊

ဂမ်းတစ်ထွာ အရေးအတွက် လာရောက်ဈေး ထွက်ကြသည့် ဆယ့်နစ်ပွဲဈေး သည်များကို မြင်ရသည်မှာ ဆေး ရောင်စုံမြင်ကွင်းကျယ် ရုပ်ရှင် ကားတစ်ကားကို ကြည့်ရသလို အရသာရှိလှသည်။ ကျွန်တော် အပါအဝင်မြို့ပေါ်မှာ အခြေချနေ ထိုင်သူတွေအဖို့ ပျော်ပွဲရွှင်ပွဲဆို သည်က ငွေရှိလျှင်ရှိသလို၊သုံးနိုင် လျှင်သုံး နိုင်သလို သွားလို့လာလို့ ရ သည်။ ကျေးလက်မှာတော့ထိုသို့ မဟုတ်။ သူ့ရာသီချိန်ခါရောက် လာမှ ကျင်းပသည့်ပွဲတော်ကြီး တွေကိုသာ တခုတ်တရ မျှော်ကြ ရသည်။ ပွဲတော်ချိန်ရောက်မှ အိမ်က တောအလုပ်ခေတ္တရပ်ကာ ပွဲတော်ဆီ ချီတက်ပြီး ကိုယ့် ကိုယ်ကိုယ်အနားပေးကြရသည်။

အာနန္ဒာဘုရားပွဲကလည်း ထို့နည်းတူ။ ပုဂံညောင်ဦးတစ် ဝိုက်က တောသူ တောင်သားတွေ အာနန္ဒာဘုရားပွဲဆို မရောက်မ ဖြစ်ရောက် အောင်လာတတ်ကြ သည်။ ယခင်ကတော့လှည်းတွေ နှင့်။ ပုဂံဘုရားတွေကြားပေါင်း မိုးလှည်းလေး တွေ ဘုရားပွဲတော် လာကြသည်မှာ ကြည်နူးစရာ။ ဒီနေ့ခေတ်တွင်တော့ လှည်းတွေနဲ့ လာတာနည်းသွားသတဲ့။ ဟုတ်မည်။ ကျေးလက်မှာလည်းအ ဆောင်အယောင်တွေက ပြောင်း လိုက်လာတာဆိုတော့ ယခင်လို လှည်းလေးနဲ့ စိမ်ပြေနပြေမလာ ကြတော့။ ထော်လာဂျီတဖုန်း ဖုန်း၊ ခွေးဘီလူး၊ လိုက်ထရပ် တ ပုန်းပုန်းဖြင့် လာနိုင်ကြလေပြီ။

ပွဲဈေးသိပ်မစည်သေးတော့ ဈေးဆိုင်တွေကို ရှင်းရှင်းလင်း လင်းမြင်ခွင့် ရသည်။ ထွန်တုံး တွေ၊ လှည်းဂင်ရိုးတွေ၊ ပေါက် ပြား၊ ပေါက်တူးတွေ၊ ရောင်း သည့် ဆိုင်တစ်ဆိုင်မှာလည်း ဈေးဂယ်အချို့တွေ့ရသည်။ အ သီးသီးထမ်း သယ်ပိုးပြီး ဂယ်သွား ကြသည်။ ရောင်းချနေသည့် ဦးလေးကြီးတစ်ယောက်ကို ဒီနှစ် အာနန္ဒာ ဘုရားပွဲ အခြေအနေမေး ကြည့်တော့ "ခုရက်ကတော့ ဖြောက်တောက်ဖြောက်တောက် ပေါ့။ နောက်ရက်တော့ခြေချ ဖို့တောင်

မလွယ်ဘူးမောင်။ လူ ပေါချက်ကတော့ မြေကြီးမှိုခိုင် တာ၊ နို့မှိုဆိုကျွံကျ သယ်ရယ်' တဲ့။ လပြည့်နေ့အထိ နေသွားဖို့ သူကပြောသေးသည်။ ကျွန်တော် ရယ်မောရင်း နှုတ်ဆက်ကာ အခြား စျေးဆိုင်တန်းတွေဘက် ဆက်ထွက်ခဲ့သည်။

အိုးခွက်ပန်းကန် ဆိုင်တစ် ဆိုင်ကိုလည်းတွေ့ရသည်။ နှစ် ခန်း၊ သုံးခန်းစာ လောက်တော့ ကျယ်မည်။ ဆိုင်အလယ်လောက် က တိုင်မှာ ၂၄ လက်မလောက် ရှိမည့် အယ်လ်အီးဒီတီဗီကြီးတစ် လုံးချိတ်ထားသည်။ တီဗီမျက်နှာ ပြင်ပေါ်မှာ တော့ သူ့ဆိုင်ကို ရှု ထောင့်စုံက ရိုက်ထားသည့်မြင် ကွင်းတွေက တစ်ကွက်စီ ပေါ်နေ သည်။ စီစီတီဗီတပ်ထားခြင်းပင်။ ဆိုင်အနေအထားအရ ကောင် တာတို့ ဘာတို့လည်းမရှိသဖြင့် တီဗီကို စျေးဝယ်ဘက်လမ်းမ ဘက်သာ မျက်နှာမူကာ ချိတ်ထားသည်။ စျေးဝယ်က ကိုယ့်ပုံကို ဆိုင်မှာချိတ်ထားသည့် တီဗီထဲပြန်မြင် နေရသည်။ ဘာပဲ ဖြစ်ဖြစ် လူတော့ရှိန်သည်။ ဒီပန်း ကန်ဆိုင်က လုံခြုံရေး ကင်မရာတွေ ဘာတွေနှင့်ဆိုတော့ ဆိုင် ဆိုင်၊ မဆိုင်ဆိုင် စိတ်ချလောက် တယ်ဆိုပြီး ဝင်မွှေကြသည်။ အညာဘုရားပွဲတွေလည်း ခေတ် မီလာလေပြီ။

ပဲစိမ်းစားဥ အပုံလိုက် ရောင်းချနေသော ဆိုင်တွေကို လည်းတွေ့ရသည်။ တစ်တွဲငါးရာ တဲ့။ ပဲစိမ်းစားဥက အရည်ရွှမ်း သောအသီးမို့ ပုဂံနေပူပူမှာ ရေငတ်တော့ပြေပေလိမ့်မည်။ အ ချို့က ပွဲတော်မှာလည်ပတ်ရင်း တစ်ဖက်က ပဲစိမ်းစားဥအတွဲ လိုက်ကိုင်၊ တစ်ဖက်က ပဲစိမ်း စားဥတစ်လုံးကိုကိုက်ရင်း လည်ကြသတဲ့။ အချို့ကတော့ပွဲ တော်ပြန်ဝယ်ကြသတဲ့။ တောင်သူသုံး အိမ်သုံး ပစ္စည်းတန်းတွေကလည်း တစ်မျှော်တစ်ခေါ်။ စုံပါပေ့။ မျှပါပေ့။

ဖျာမျိုးစုံရောင်းသည့် ဈေး တန်းဘက်မှာလည်း ဂယ်သူတွေ ရှိနေသည်။ အမျိုးသမီးကြီးတွေ လေး၊ ငါး၊ ခြောက်ယောက် လောက် ဖျာဂယ်နေကြသည်။ အထပ်လိုက်ခင်းထားသော ဖျာပုံ တွေပေါ် အားရပါးရတက်ထိုင် ကာအရောင်းသမားပြပေး သည့် ဖျာတွေကို ကြည့်နေကြသည်။ ကလေးမအေ တစ်ယောက်ကလည်း ဖျာပေါ်တွင်ထိုင်ရင်း သူ့ကလေးကို နို့တိုက်နေသည်။ သူတို့က ဖျာဂယ်မည့်သူ၏ ဆွေမျိုးသားချင်းတွေ ဖြစ်မည်။ ကိုယ်တိုင်ဂယ်သူ ဖြစ်ဟန်တူ သည့် အမျိုးသမီးကြီးတစ်ဦးက တော့ဖျာတွေကို ကိုင်ကြည့်လိုက် ချလိုက်လုပ်နေသည်။ ရွေးပြီး တော့ငွေရှင်းသည်။ ဆိုင်ကတစ် ယောက်က သင်္ဘောဆေးလေးဖြင့် ဖျာနောက်ကျောတွင် နာမည်ရေး ပေးသည်။ အမေကြီးတစ်ယောက် ကတော့ ထိုအဖွဲ့တွေနားရစ်သီ ရစ်သီ။ လက်ထဲတွင်လည်း ဆေးပေါ့လိပ်တစ်လိပ်သောက်နေသည်။ နောက်လက်တစ်ဖက် မှာတော့ဒန်ခွက် အသစ်လေး တစ်ခွက် ကိုင်ထားသည်။ သူက ဖျာတွေပေါ် တက်ထိုင်သည်။ ညောင်းလာလျှင် ပြန်ထပြီး ဆိုင်ထောင့်လေးမှာ သွားထိုင် ပြန်သည်။ လူကတော့ သပ်သပ် ရပ်ရပ် ဂတ်စားထားသည်။ ခွက် ကလေးတစ်လုံးလည်း ပါတာ ဆိုတော့ဘာပါလိမ့်ပေါ့။ ပြီး တော့မှ ဘယ်ဟုတ်လိမ့်မလဲ။ ထိုအမေကြီးက ဖျာဂယ်တဲ့အဖွဲ့ ထဲက တစ်ယောက်ပင်ဖြစ်နေ သည်။ ဒန်ခွက်ကလေးကသူ့ ဆေးလိပ်ပြာခွက်အဖြစ် သုံးနေ တာမြင်ရမှ အတော်ပင်စနစ် ကျလှသော အမေကြီးပါတကား ဟု စိတ်ထဲကတွေးမိသည်။ ပိုက်ဆံမထည့်မိတာ တော်ပါ သေး၊ မဟုတ်လျှင် အာနန္ဒာဘုရား ပွဲထဲပြေးပေါက်မှားတော့မည်။

ပွဲဈေးထဲက လက်ဖက် ရည်ဆိုင်လေး တစ်ဆိုင်တွင် ခေတ္တထိုင်လိုက်သည်။ ဘေးက စားပွဲဝိုင်းမှာ ရွှေရင်အေးသောက် နေတာမြင်သဖြင့် စားပွဲထိုးလေး လာတော့ ရွှေရင်အေးမှာလိုက် သည်။ စားပွဲထိုးလေးက ဆိုင်မှာ တော့ ရွှေရင်အေးမရကြောင်း၊ ရှေ့က ရွှေရင်အေးသည် ဆီက မှာပေးကြောင်း

ပြောသည်။ တစ် ပွဲမှာပေးလို့ ရမလားပြောတော့ ခေါင်းညိတ်သည်။ သူ့ဆိုင်တွင် ထိုင်ပြီး ဘာမျှမမှာလျှင်လည်း မကောင်းသဖြင့် ရေသန့် တစ်ဘူး မှာလိုက်သည်။

ဆိုင်မှာထိုင်ရင်း ရွှေရင်အေး ဆိုင်လေးကို ကြည့်လိုက်မိသည်။ အမျိုးသမီးကြီး တစ်ယောက်က ပြင်ပေးနေပြီး ဘေးနားက ခုံလေး တွေမှာလည်း စားနေသူတွေ တွေ့ရသည်။ ကျွန်တော့်အတွက်ပြင် ပြီးတော့ ဘေးနားက တောင်သူ သုံးပစ္စည်းရောင်း သည့်အမျိုး သမီးကြီးက ပေးပေးဆိုပြီး ရွှေရင် အေးခွက်ယူကာ လက်ဖက်ရည် ဆိုင်ထဲက ကျွန်တော့်ဆီလာချ ပေးသည်။ တစ်အောင့်လောက် နေတော့ရွှေရင်အေးသည် ဘယ် ရောက်သွားပြန်သည်မသိ၊ ဈေး ဂယ်အချို့ ရောက်လာပြန်သည်။ ဘေးနားက ပဲကြီးလှော်တို့၊ နေ ကျောက်ခဲတို့ ရောင်းသည့် ကလေးမလေးတစ်ယောက်က ရွှေရင်အေး ပြင်သည့်ခုံနောက် ဂင်ကာ ပြင်ပေးပြန်သည်။ ရက် ရှည်ဘုရားပွဲ လာရောင်းကြတာ ဆိုတော့ ဆိုင်နီးနားချင်း ဆွေမျိုး လိုဖြစ်ရင်း သူ့အလုပ်၊ ကိုယ့်အ လုပ်တစ်ပြန်တစ်လှည့် ကူညီနေ ကြတာ ဖြစ်မည်။

အာနန္ဒာဘုရားပွဲခင်းထဲက ပြန်ထွက်တော့ နေ့ခင်းပင်ရှိသေး သည်။ မန္တလေးကို ဆိုင်ကယ် နှင့်ပြန်ရမည်မို့သာ ပြန်ခဲ့ရတာ သိပ်တော့မပြန်ချင်သေး။ လပြည့် နေ့ ဆွမ်းလောင်းပွဲကိုလည်း ကြည့်ချင်မြင်ချင်သေးသည်။ ပြာသို လပြည့် ည လရောင်အောက်က အာနန္ဒာဘုရားပွဲညကိုလည်း ခံစားချင်သေးသည်။ တစ်နှစ်နှစ် တော့ရောက်ဖြစ်ပေဦးမည်။

**Credit - ညီညီဇော် ( 7Day )**